ခုံသမာဓိကောင်စီ

ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

ခုံအဖွဲ့

၂၀၁၆ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၃၀/၂၀၁၆)

| | |
|---|---|
| ဒေါ်ကျင်အေး(ပိုင်ရှင်)<br>Hanjen Manufacturing Co.,Ltd<br>အထည်ချုပ်စက်ရုံ၊ အမှတ် - ၃၀၆၊<br>၄၂ အကွက်၊ စက်မှုဇုန်(၁)၊ ရွှေပြည်သာမြို့နယ်။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| မောင်ရဲကိုထွန်း(အလုပ်သမား)<br>Hanjen Manufacturing Co.,Ltd<br>အထည်ချုပ်စက်ရုံ၊ ကျောင်းလမ်း၊<br>ပန်းခြံစုရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ မေလ ၁၂ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်(၁)၊ ၄၂ အကွက်၊ အမှတ် - ၃၀၆ ရှိ Hanjen Manufacturing Co.,Ltd အထည်ချုပ်စက်ရုံ ပိုင်ရှင် ဒေါ်ကျင်အေးနှင့် မောင်ရဲကိုထွန်းတို့ အကြားဖြစ်ပွားကြသော အငြင်းပွားမှုကို ရွှေပြည်သာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့ကအငြင်းပွားမှု အမှတ်(၃၉/၂၀၁၆)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည်တောင်းဆိုသူက EC စာချုပ်တွင်ပါရှိသော စည်းကမ်းချက်များအနက် သတ်မှတ်အလုပ်ချိန်ထက် အကြိမ်ကြိမ်နောက်ကျခြင်း၊ အလုပ်ချိန်အတွင်း ပဒေသာပင်သီးခြင်း၊ ဂိမ်းကစားခြင်း၊ တာဝန်ကျနေရာမှ အကြောင်းမဲ့ထွက်ခွာခြင်း၊ အိပ်စက်ခြင်းနှင့် သန့်စင်ခန်းတွင် ဖုန်းဖြင့်အခွေများကြည့်ခြင်းတို့ကို ချိုးဖောက်သဖြင့် အလုပ်ရှင်မှ အလုပ်ထုတ်လိုက်ခြင်းအပေါ် ကျေနပ်မှုမရှိ၍ တောင်းဆိုခြင်းခံရသူထံတွင် တောင်းဆိုသည်မှ ဖြစ်ပွားလာသောအငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁)ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူမှ အောက်ပါကောက်ချက်(၁)ချက်ပေါ်တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

ကောက်ချက်အမှတ်(၁)။ အလုပ်ရှင်တင်ပြသော အချက်များကျူးလွန်ဖောက်ဖျက်သဖြင့် EC စာချုပ်နှင့်အညီဆင့်ကဲအရေးယူမှု ရှိ/မရှိနှင့် မောင်ရဲကိုထွန်းအား အလုပ်မှထုတ်ပယ်ခြင်းသည် EC စာချုပ်နှင့် ညီညွတ်မှု ရှိ/မရှိ။

ဆုံးဖြတ်ချက်အမှတ်(၁)။ EC စာချုပ်နှင့်အညီ အလုပ်မှထုတ်ခဲ့ခြင်း မဟုတ်သဖြင့် မောင်ရဲကိုထွန်းအား ပြန်ခန့်စေရန်ဆုံးဖြတ်သည်။ ^ စတင်အလုပ်ပြုတ်သည့်နေ့ရက်မှပြန်ခန့်သည့်ရက်အထိကြားကာလနစ်နာကြေးကိုရက်ပြည့်လစာ (အချိန်ပိုကြေးမပါ )ဖြင့် တွက်ချက်ပေးလျော်ရမည်။

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏(၃၉/၂၀၁၆)ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် Hanjen Manufacturing Co.,Ltd အထည်ချုပ်စက်ရုံ ပိုင်ရှင် ဒေါ်ကျင်အေး ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၁၆)ဖြင့် ခုံသမာဓိ ကောင်စီ အမှုအမှတ် (၃၀/၂၀၁၆) အားကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို အစိုးရကိုယ်စားလှယ်အဖြစ် ဥက္ကဋ္ဌ ဦးအောင်သန်း၊ အလုပ်ရှင်ကိုယ်စားလှယ်အဖြစ် အဖွဲ့ဝင် ဦးသန်းမောင်၊ အလုပ်သမားကိုယ်စားလှယ်အဖြစ် အဖွဲ့ဝင် ဦးဌေးတို့ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ခုံအဖွဲ့မှ အမှုတွဲကို လက်ခံရရှိပြီးနောက် နှစ်ဖက်ထွက်ဆိုချက်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှတ်တမ်း၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီရှေ့မှောက် ထွက်ဆိုချက်မှတ်တမ်းများနှင့်

တင်ပြလာသော စာရွက်စာတမ်း အထောက်အထားများအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည် -

ကောက်ချက်အမှတ် (၁)။ အလုပ်သမား မောင်ရဲကိုထွန်းအား အလုပ်မှ ထုတ်ပယ်ခြင်းသည် တရားမျှတမှု ရှိ/မရှိ။

သုံးသပ်ချက်အမှတ် (၁)။ အလုပ်ရှင်ဘက်က တင်ပြခဲ့ချက်များအရ အလုပ်သမား မောင်ရဲကို ထွန်းသည် ၂၆-၂-၂၀၁၆ ရက်နေ့ဖြင့် အလုပ်ရုံမှ နောက်ဆုံးအကြိမ် သတိပေးစာထုတ်ပြီးနောက်တွင် အလုပ်တက်ရောက်မှု နောက်ကျ ကြောင်းတွေ့ရှိရပါသည်။ အလုပ်သမားဘက်မှ ထိုပျက်ကွက်မှု အတွက် တစ်စုံတစ်ရာ ဖြေရှင်းနိုင်ခြင်းမရှိပါ။ အလုပ်မထုတ်မီ ၁၂- ၁-၂၀၁၆ ရက်နေ့တွင် အလုပ်သမားအား လက်မှတ်ရေးထိုးစေရန် ဆောင်ရွက်ခဲ့မှုကိုလည်း အလုပ်သမားက လက်မှတ်ရေးထိုးမှုမရှိ ခြင်းကိုလည်း တွေ့ရှိရပါသည်။

ပဒေသာပင်သီးခြင်းနှင့်ပတ်သက်၍ အလုပ်သမားက ထမင်း စားချိန်တွင် လုပ်ကိုင်ခြင်းဖြစ်ကြောင်းနှင့် အလုပ်ပြန်ဝင်ရန် ခေါင်း လောင်းတီးသည်ကို သာမန်အားဖြင့် ကြားနိုင်သော်လည်း မကြားမိပါကြောင်း ထွက်ဆိုထားပါသည်။ သန့်စင်ခန်းတွင်ဖုန်းဖြင့် အခွေကြည့်ခြင်း၊ ဂိမ်းကစားခြင်းနှင့် တာဝန်ကျနေရာများ အကြောင်းမဲ့ ထွက်ခွာခြင်းများနှင့်စပ်လျဉ်း၍ အလုပ်ရှင်ဘက်မှ ခိုင်လုံစွာတင်ပြနိုင်ခြင်းမရှိခဲ့ပါ။

တစ်ဖက်တွင်လည်း နောက်ဆုံးထုတ်ပြန်သော အလုပ်ခွင် စည်းကမ်းညွှန်ကြားစာ ထုတ်သည့်နောက် မကြာမီရက်များတွင် ပင် မောင်ရဲကိုထွန်းသည် အကြိမ်ကြိမ်အလုပ်နောက်ကျခဲ့သည် မှာ ထင်ရှားနေသည်။ စက်ရုံ၊ အလုပ်ရုံ၏ စည်းကမ်းများကို လုပ်သား များအားလုံး လိုက်နာကြစေရန် အလုပ်ရှင်ဖက်က လိုအပ်သလို စီမံ ခန့်ခွဲပိုင်ခွင့်ကိုလည်း လစ်လျူရှု၍ မရချေ။

ဆုံးဖြတ်ချက်အမှတ် (၁)။ အလုပ်သမား မောင်ရဲကိုထွန်းအား အလုပ်ရပ်စဲမှုအတွက် နို့တစ် ကြေးတစ်လစာ အခကြေးငွေနှင့် အလုပ်ရပ်စဲခြင်းအဖြစ် တစ်လ အတွက် အခကြေးငွေတို့ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွက်

ထုတ်ယူခဲ့သည့် လုပ်ခလစာဖြင့် ခံစားခွင့်ပြုရန် ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည်အထက်တွင် ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

အထက်ပါဆုံးဖြတ်ချက်အရ ပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀ အတွင်း ပေးရမည်။

| | | |
|---|---|---|
| ဦးသန်းမောင် | ဦးအောင်သန်း | ဦးငွေး |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |